မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၈ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

**ဒုတိယဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ သမ္မတရုံးဝန်ကြီးဌာန (၁) ဒုတိယဝန်ကြီး ဦးသန့်ရှင်းအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

**ပြည်ထောင်စုဝန်ကြီး တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်အား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

**(၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေး အတွက် **"(၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **(၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး
သာသနာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၂) ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၃) ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၄) ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၅) ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၆) ဒုတိယဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၇) တွဲဖက်စစ်ရေးချုပ်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) — အဖွဲ့ဝင်

(၁၈) ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၉) ရန်ကုန်မြို့တော်ဝန်
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန) — တွဲဖက်အတွင်းရေးမှူး

(ခ) (၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အာဇာနည်နေ့အခမ်းအနားကျင်းပရေးအတွက် မူဝါဒများ ချမှတ်ခြင်း။

(၂) အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ခြင်း။

(၃) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက် စနစ်တကျလုံခြုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း။

(ဂ) **(၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဝန်ကြီး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဝန်ကြီး<br>လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဝန်ကြီး<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဝန်ကြီး<br>ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒုတိယတိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>အမှတ် (၃) အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ | အဖွဲ့ဝင် |
| (၂၁) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၂) | တိုင်းကျန်းမာရေးဦးစီးမှူး<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၃) | အင်ဂျင်နီယာမှူးကြီး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၄) | ဥက္ကဋ္ဌ<br>တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၅) | ရန်ကုန်မြို့တော်ဝန်<br>(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန) | အတွင်းရေးမှူး |
| (၂၆) | အတွင်းရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ဃ) (၆၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဗဟိုကော်မတီမှ ချမှတ်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(၂) လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း။

(၃) အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

**နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များကို အောက်ပါအတိုင်း တိုးချဲ့ဖွဲ့စည်း၍ ယှဉ်တွဲပါပုဂ္ဂိုလ်များအား အကြံပေးအဖွဲ့အသီးသီးတွင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | သူရဦးမြင့်မောင်<br>(အငြိမ်းစားဝန်ကြီး) | အဖွဲ့ခေါင်းဆောင်<br>သာသနာရေးအကြံပေးအဖွဲ့ |
| (၂) | ဦးစိန်ဝင်းအောင်<br>(အငြိမ်းစားသံအမတ်ကြီး) | အဖွဲ့ဝင်<br>သာသနာရေးအကြံပေးအဖွဲ့ |
| (၃) | ဒေါက်တာဒေါ်နုနုသာ<br>(အငြိမ်းစားဆေးရုံအုပ်ကြီး) | ကျန်းမာရေးအကြံပေးအဖွဲ့ |
| (၄) | ဒေါက်တာဒေါ်ရင်ရင်နွယ်<br>(အငြိမ်းစားယူနီဆက်ဝန်ထမ်း) | အဖွဲ့ခေါင်းဆောင်<br>ပညာရေးအကြံပေးအဖွဲ့ |

(၅) ဒေါက်တာကျော်ရင်လှိုင် — အဖွဲ့ဝင် ပညာရေးအကြံပေးအဖွဲ့
(၆) ဦးတင်ထွန်းဦး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) — အဖွဲ့ဝင် စီးပွားရေးအကြံပေးအဖွဲ့

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆။ )**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွင် ပါရှိသော "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုချက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ၌ ပါရှိသော "ကိုယ်ရေးအချက်အလက်" ဆိုသည့် စကားရပ်ကို "အမည်နှင့်ဆက်သွယ်ရမည့်နေရပ်လိပ်စာ အပြည့်အစုံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ အခန်း (၄) တွင် -

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "နှင့် ငြင်းပယ်ခြင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့် ကြွေးကြော်ခွင့်ပြုသည့် စကားရပ်များ၊"

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ည) အထိပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက် ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။"

၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော "နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ကို "သုံးလထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး (ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး) ၏ "ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး (ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး) က တင်သွင်းသော "ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (ဥ) ၏ နောက်တွင် (ပ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ပ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အရအသုံးစာရင်းများတွင် ဖော်ပြထားခြင်း၊ ရသုံးခန့်မှန်းခြေခွင့်ပြုချက်တွင် ပါဝင်ခြင်းမရှိသော်လည်း၊ ဘဏ်မှ ငွေထုတ်ကန့်သတ်ချက်ဖြင့် ထုတ်ယူသုံးစွဲရသော အသုံးစရိတ်မျိုးဖြစ်သည့် အပ်ငွေစာရင်းများ၊ ကြိုတင်ထုတ်ပေးငွေစာရင်းများ၊ ယာယီစာရင်းတင်ငွေ၊ အခြားချေးငွေများ၊ လွှဲပို့ငွေစာရင်းများဆိုင်ရာ ရငွေ၊ ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ စနစ်တကျကြီးကြပ်၊ ထိန်းချုပ်၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၈၁၊ ၈၂ တို့နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်မြင့်ဖေ | မဲဆန္ဒနယ်အမှတ် (၅)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာမြင့်ကြည် | မဲဆန္ဒနယ်အမှတ် (၈)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးမျိုးမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဃ) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (င) | ပါမောက္ခဒေါက်တာမြဦး | မဲဆန္ဒနယ်အမှတ် (၉)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (စ) | ဒေါက်တာအေးမောင် | မဲဆန္ဒနယ်အမှတ် (၁)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာခင်ရွှေ | မဲဆန္ဒနယ်အမှတ် (၉)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဗညားအောင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ည) | ဦးဆိုင်ပေါင်းနပ် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ဦးညွန့်တင် | မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်ထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဎ) | ဦးစံထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ခင်ဝိုင်းကြည် | မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (တ) | ဦးမြင့်သိန်း | နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင် | အဖွဲ့ဝင် |
| (ထ) | ဦးစိန်လှ | နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင် | အဖွဲ့ဝင် |
| (ဒ) | ဦးကျော်စိန် | နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင် | အဖွဲ့ဝင် |
| (ဓ) | ဦးစန်းလွင် | နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင် | အဖွဲ့ဝင် |
| (န) | ဦးစောထွန်းမြအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ပ) | ဦးအုန်းတင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဖ) | ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဗ) | ဗိုလ်မှူးတိုးမင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဘ) | ဗိုလ်မှူးကျော်နိုင်ဌေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (မ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ယ) | ဗိုလ်မှူးဝင်းသိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ရ) | ဦးခင်မောင်လတ် | မဲဆန္ဒနယ်အမှတ် (၆)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (လ) | ဦးသိမ်းဆွေ | မဲဆန္ဒနယ်အမှတ် (၁၀)၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဝ) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဟ) | ဦးအောင်ကြည်ညွန့် | မဲဆန္ဒနယ်အမှတ် (၄)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဠ) | ဦးဝင်းနိုင်ရှိန် | မဲဆန္ဒနယ်အမှတ် (၅)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (အ) | ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ် (၂)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| - | ဦးစောအုန်း | မဲဆန္ဒနယ်အမှတ် (၉)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| - | ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ | မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| - | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| - | ဦးရှုမောင် | မဲဆန္ဒနယ်အမှတ် (၈)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| - | ဦးထွန်းကျော် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| - | ဦးစိုင်းသန့်ဇင် | မဲဆန္ဒနယ်အမှတ် (၄)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| - | ဦးဖုန်းမြင့်အောင် | မဲဆန္ဒနယ်အမှတ် (၃)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| - | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ **ကော်မရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ်တစ်မျိုးမျိုးကို လေ့လာဖော်ထုတ်ရန်။

(ခ) အထက်ပါစနစ်အတွက် ရွေးကောက်ပွဲစည်းမျဉ်းများ ရေးဆွဲခြင်း (election engineering) ဖြင့် အားသာချက်အားလုံးကို ဖော်ဆောင်ပြီး အားနည်းချက်များကို မည်သို့မည်ပုံ ထိန်းချုပ်မည်ကို စနစ်တကျချဉ်းကပ်ဖော်ထုတ်ရန်။

(ဂ) တွေ့ရှိချက်များကို အမျိုးသားလွှတ်တော်သို့ အစီရင်ခံတင်ပြရန်။

(ဃ) အမျိုးသားလွှတ်တော်ဆိုင်ရာရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းရန်။

၃။ ကော်မရှင်သည် အောက်ပါဆပ်ကော်မတီများနှင့် အခြားလိုအပ်သောဆပ်ကော်မတီများကို ဖွဲ့စည်း ဆောင်ရွက်နိုင်သည် -

(က) လုပ်ငန်းဆပ်ကော်မတီ

(ခ) အားနည်းချက်များ ရှာဖွေဖော်ထုတ်ရေးဆပ်ကော်မတီ (လွှတ်တော်တွင်း ကန့်သတ်ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်)

(ဂ) အစီရင်ခံစာပြုစုရေးဆပ်ကော်မတီ

(ဃ) ဥပဒေကြမ်းရေးဆွဲရေးကော်မတီ (အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပုဂ္ဂိုလ်များကို အဓိကထား၍ ဖွဲ့စည်းရန်)

၄။ ကော်မရှင်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က စီမံပေးရမည်။

၅။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

၆။ ကော်မရှင်သည် လိုအပ်လျှင် ပြင်ပပညာရှင်များကို ဖိတ်ခေါ်မေးမြန်းနိုင်သည်။

၇။ ကော်မရှင်၏သက်တမ်းသည် အမျိုးသားလွှတ်တော်သို့ သက်ဆိုင်ရာဥပဒေကြမ်းကို တင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၅) ဦးအား ၎င်းတို့၏ဆန္ဒအရ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးသိမ်းဆွေ | မဲဆန္ဒနယ်အမှတ် (၁၀)၊ ဧရာဝတီတိုင်းဒေသကြီး |
| (၂) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး |
| (၃) | ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး |
| (၄) | ဦးအောင်ကြည်ညွန့် | မဲဆန္ဒနယ်အမှတ် (၄)၊ မကွေးတိုင်းဒေသကြီး |
| (၅) | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

**ဒုတိယညွှန်ကြားရေးမှူးရာထူး ခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့စွဲပါ စာအမှတ်၊ ၃၃/၁၄၃-ကူးပြောင်း/အဖရ (၂၀၁၄) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဦးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

**ဦးစီးအရာရှိရာထူး ခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့စွဲပါ စာအမှတ်၊ ၃၄/၁၄၃-ကူးပြောင်း/အဖရ (၂၀၁၄) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက် )

### မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးတင်ငွေ အစား ဦးတင်ဝင်းအား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုး တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက် )

### ကွမ်းလုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မိုင်းဖြတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ဖျက်သိမ်းခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၄၅/၂၀၁၄) ဖြင့် ပယ်ဖျက်လိုက်သည့် ရှမ်းပြည်နယ်အတွင်းရှိ ကွမ်းလုံ ခရိုင်နှင့် မိုင်းဖြတ်ခရိုင်တို့တွင် ဖွဲ့စည်းထားရှိသော အောက်ဖော်ပြပါ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များအား ယနေ့မှစ၍ ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာလိုက်သည် -

(၁) ကွမ်းလုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၂) မိုင်းဖြတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက် )

**ယင်းမာပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ယင်းမာပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးသန်းစိန် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းထီ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဂ) | ဦးဝမ်းမောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းမောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (င) | ဦးဇော်ဝိတ် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စ) | ဦးစိန်ထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးဌာနမှူး<br>ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဇ) | ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး<br>ကျန်းမာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဈ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (ည) | ခရိုင်ပညာရေးမှူး<br>ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (ဋ) | ခရိုင်စာရင်းစစ်အရာရှိ<br>ခရိုင်စာရင်းရုံး | | အဖွဲ့ဝင် |
| (ဌ) | ခရိုင်မန်နေဂျာ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | အဖွဲ့ဝင် |
| (ဍ) | ခရိုင်ဦးစီးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဎ) | အမှုဆောင်အရာရှိ<br>ခရိုင်စည်ပင်သာယာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဏ) | ဦးစီးအရာရှိ<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အတွင်းရေးမှူး |

၂။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ရန်ဖြစ်သည်။

၃။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ယင်းမာပင်ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၂/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၁/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ် (၁၆/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၀၂၅၅<br>ဗိုလ်မှူးချုပ်ကျော်ရွှေ | (အစား) | ကြည်း ၁၈၀၈၆<br>ဗိုလ်မှူးကြီးတင်စိုး |
| (၂) | ကြည်း ၂၇၀၁၅<br>ဒုတိယဗိုလ်မှူးကြီးအောင်မြတ်သိန်း | (အစား) | ကြည်း ၂၄၀၉၁<br>ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ |
| (၃) | ကြည်း ၂၇၀၆၆<br>ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်း | (အစား) | ကြည်း ၂၅၂၂၇<br>ဒုတိယဗိုလ်မှူးကြီးတက်ထွန်း |

| | | |
|---|---|---|
| (၄) ကြည်း ၂၇၄၃၉<br>ဒုတိယဗိုလ်မှူးကြီးသန့်ဇင် | (အစား) | ကြည်း ၂၇၄၀၉<br>ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း |
| (၅) ရေ ၃၆၂၆<br>ဒုတိယဗိုလ်မှူးကြီးကျော်ကျော် | (အစား) | ရေ ၃၈၄၇<br>ဗိုလ်မှူးညီညီထွန်း |
| (၆) ရေ ၃၇၇၉<br>ဒုတိယဗိုလ်မှူးကြီးစိုးနိုင် | (အစား) | ရေ ၄၁၁၁<br>ဗိုလ်မှူးကျော်သူရ |
| (၇) ကြည်း ၂၇၅၀၆<br>ဗိုလ်မှူးတင်ထွန်း | (အစား) | ကြည်း ၃၄၈၉၂<br>ဗိုလ်မှူးမိုးမြင့်အောင် |
| (၈) ကြည်း ၃၁၅၉၄<br>ဗိုလ်မှူးကျော်စိုးမင်း | (အစား) | ကြည်း ၃၇၁၈၈<br>ဗိုလ်မှူးဇင်မျိုးလှိုင် |
| (၉) ကြည်း ၃၃၁၈၄<br>ဗိုလ်မှူးတင်ကျော်ဦး | (အစား) | ကြည်း ၃၇၂၄၁<br>ဗိုလ်မှူးစန်းယုသိန်း |
| (၁၀) ရေ ၃၆၄၉<br>ဗိုလ်မှူးသန်းဇော်ဦး | (အစား) | ရေ ၄၀၃၈<br>ဗိုလ်မှူးအေးမင်းစိုး |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၅/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၃/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၇/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ

ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(၁) ကြည်း ၂၈၂၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးသစ်ဦး (အစား) ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်

(၂) ကြည်း ၂၈၁၄၈ ဒုတိယဗိုလ်မှူးကြီးဇော်လင်း (အစား) ကြည်း ၂၆၉၉၁ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း

(၃) ရေ ၃၆၀၆ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး (အစား) ရေ ၄၁၅၄ ဗိုလ်မှူးကိုကို

(၄) ကြည်း ၂၃၂၇၀ ဗိုလ်မှူးဇော်မြင့် (အစား) ကြည်း ၂၄၁၀၈ ဗိုလ်မှူးအောင်သက်မြင့်

(၅) ကြည်း ၃၂၃၇၂ ဗိုလ်မှူးဝင်းကျော်ကျော် (အစား) ကြည်း ၃၁၇၇၆ ဗိုလ်မှူးမောင်မောင်

(၆) ကြည်း ၃၀၄၂၆ ဗိုလ်မှူးအောင်နိုင်ဦး (အစား) ကြည်း ၃၄၅၀၀ ဗိုလ်မှူးကျော်သက်ဦး

(၇) ကြည်း ၂၅၁၆၈ ဗိုလ်မှူးခင်မောင်ချို (အစား) ကြည်း ၃၅၆၀၀ ဗိုလ်မှူးသန်းဇော်ထွန်း

(၈) ကြည်း ၂၈၃၁၀ ဗိုလ်မှူးမျိုးအောင် (အစား) ကြည်း ၃၅၃၅၄ ဗိုလ်မှူးသိန်းလွင်ဌေး

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၃ ရက် )

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်

အမှတ် (၂၃/၂၀၁၂) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၂၄၁၉၂ | (အစား) | ကြည်း ၂၆၁၄၈ |
| ဒုတိယဗိုလ်မှူးကြီးဇော်သန်းထိုက် | | ဒုတိယဗိုလ်မှူးကြီးကျော်စံဦး |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မန္တလေးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အလုပ်သမားဌာနအား တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီးကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **တိုင်းဒေသကြီးကော်မတီရုံး**ဆိုသည်မှာ တိုင်းဒေသကြီးကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်။

(ဇ) **မြို့နယ်ကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(ဈ) **အလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ လုပ်ငန်းအလိုက် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ စနစ်တကျကြီးကြပ်အုပ်ချုပ်ရန် အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်။

(ည) **အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ အလုပ်သမားကြီးကြပ်ရေးကော်မတီ၏ အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ အလုပ်သမားများဖြင့်သာ ဖွဲ့စည်းထားသည့် နေရာဌာနကို ဆိုသည်။

(ဋ) **လုပ်ငန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့်သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ မြို့နယ်ကော်မတီမှ တင်ပြ၍ တိုင်းဒေသကြီးကော်မတီက အတည်ပြုသတ်မှတ်သောဈေးကြီး စသည့် နေရာများတွင် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်းပြုလုပ်ပေးရသော ကုန်တင်ကုန်ချလုပ်ငန်းကို ဆိုသည်။

(ဌ) **အလုပ်သမားမှတ်ပုံတင်ခြင်း**ဆိုသည်မှာ မြို့နယ်ကော်မတီရုံးတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ရန် အလုပ်သမားက လုပ်သားမှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဍ) **လုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ လုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဎ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်သမားများကို အခကြေးငွေဖြင့် ငှားရမ်းအသုံးပြုသည့် လူတစ်ဦး သို့မဟုတ် လူတစ်စုကို ဆိုသည်။

(ဏ) **အလုပ်သမား**ဆိုသည်မှာ ဤဥပဒေအရ အလုပ်သမားမှတ်ပုံတင်ရရှိပြီး ကုန်ပစ္စည်း (သက်ရှိ/ သက်မဲ့) များကို ကာယအားဖြင့် ထမ်းပိုး၊ တင်ချ၊ ရွှေ့ပြောင်းသယ်ယူပို့ဆောင်သူကို ဆိုသည်။

(တ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ အလုပ်သမားများ၏ ဘဝအာမခံချက်ရရှိရေးအတွက် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ နည်းဥပဒေအရ ထည့်ဝင်စုဆောင်းထားသောငွေကို ဆိုသည်။

(ထ) **လူမှုဖူလုံရေးရန်ပုံငွေ**ဆိုသည်မှာ လူမှုဖူလုံရေးဥပဒေအရ အလုပ်ရှင်နှင့် အလုပ်သမားများထံမှ ကော်မတီက ကောက်ခံပေးသွင်းရသောငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်၊

(ခ) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ဂ) အလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝကို မှန်ကန်စွာရရှိစေရန်၊

(ဃ) အလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(င) အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(စ) အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကော်မတီနှင့်ရုံးများ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကော်မတီနှင့် ရုံးများကို ဖွဲ့စည်းခွင့်ရှိသည် -

(က) တိုင်းဒေသကြီးကော်မတီနှင့်ရုံး၊

(ခ) မြို့နယ်ကော်မတီနှင့်ရုံးများ၊

(ဂ) အလုပ်သမားကြီးကြပ်ရေးကော်မတီနှင့်ရုံးများ။

၅။ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီးကော်မတီ -

(၁) တိုင်းဒေသကြီးကော်မတီရုံး၏ တာဝန်ခံသည် ကော်မတီ၏ဥက္ကဋ္ဌ ဖြစ်သည်။

(၂) တိုင်းဒေသကြီးကော်မတီရုံးမှ ဒုတိယတာဝန်ခံသည် ကော်မတီ၏အတွင်းရေးမှူး ဖြစ်သည်။

(၃) တိုင်းဒေသကြီး ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါဌာနများမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းရမည် -

(ကက) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

(ခခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဂဂ) လေကြောင်းပို့ဆောင်ရေးဦးစီးဌာန

(ဃဃ) မြန်မာ့မီးရထား

(ငင) ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းဦးစီးဌာန

(စစ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ရဲမှူးအဆင့်ထက်မနိမ့်သောရာထူးရှိသူ)

(ဆဆ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၄) ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ကော်မတီဝင်ဦးရေကို (၉) ဦးမှ (၁၅) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ခ) မြို့နယ်ကော်မတီ

(၁) မြို့နယ်ကော်မတီရုံး၏ ဦးစီးအရာရှိ သို့မဟုတ် မြို့နယ်ဒုတိယဦးစီးမှူးသည် ကော်မတီ၏ ဥက္ကဋ္ဌ ဖြစ်သည်။

(၂) မြို့နယ်ကော်မတီရုံး၏ ကြီးကြပ်ရေးမှူးသည် ကော်မတီ၏အတွင်းရေးမှူး ဖြစ်သည်။

(၃) မြို့နယ်ကော်မတီ၏ အဖွဲ့ဝင်များကို အောက်ဖော်ပြပါဌာနများမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းရမည် -

(ကက) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခခ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ဂဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့

(ဃဃ) မြန်မာ့မီးရထား

(ငင) မြို့နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(စစ) မြို့နယ်လေကြောင်းပို့ဆောင်ရေးဦးစီးဌာန

(ဆဆ) မြို့နယ်ကုန်သည်ကြီးများအသင်း

(ဇဇ) မြို့နယ်ကုန်တင်ရေယာဉ်ပိုင်ရှင်များအသင်း

(ဈဈ) မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီရုံး

(ညည) မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဒုရဲအုပ်ရာထူးအဆင့်ထက်မနိမ့်သူ)

(၄) တိုင်းဒေသကြီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကော်မတီဝင်ဦးရေကို (၇) ဦးမှ (၁၃) ဦးအထိ ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) အလုပ်သမားကြီးကြပ်ရေးကော်မတီ

(၁) အနည်းဆုံး အလုပ်သမား (၅) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

(၂) ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ရွေးချယ်မှုကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။

(၃) ကော်မတီ၏ သက်တမ်းကာလကို (၂) နှစ် သတ်မှတ်ပြဋ္ဌာန်းရမည်။

၆။ တိုင်းဒေသကြီးကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၇။ မြို့နယ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးကော်မတီရုံးမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၈။ အလုပ်သမားကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား မြို့နယ်ကော်မတီရုံးမှတစ်ဆင့် တိုင်းဒေသကြီးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးကော်မတီရုံးနှင့် မြို့နယ်ကော်မတီရုံးများ၏ ဝန်ထမ်းဖွဲ့စည်းပုံကို နည်းဥပဒေဖြင့် သတ်မှတ်ဖွဲ့စည်းရမည်။

## အခန်း (၄)
## ကော်မတီများ၏လုပ်ငန်းတာဝန်များ

၁၀။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းများကို ဤဥပဒေနှင့် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကော်မတီများနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီများ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) မြို့နယ်ကော်မတီများနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီများက လုပ်ငန်းလုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း၊

(ဃ) ဒေသအခြေအနေ၊ အချိန်ကာလနှင့် လိုက်လျောညီထွေရှိသည့် အလုပ်သမားများ၏ လုပ်ခများ ရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) မြို့နယ်ကော်မတီဝင်များနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီဝင်များ ခန့်ထားခြင်း၊ ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊

(စ) အလုပ်သမားများ၏ လုပ်ငန်းခွင်ကိစ္စရပ်များ ကြီးကြပ်နိုင်ရန် နည်းဥပဒေအရ ခန့်ထားသော အလုပ်သမားခေါင်းဆောင်များ ခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဆ) သက်ဆိုင်ရာလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ ကော်မတီအဖွဲ့ဝင်များနှင့် ရုံးအဖွဲ့များ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်း၊ ကျေပွန်စွာထမ်းဆောင်ခြင်း ရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဇ) အလုပ်သမားအင်အားအတိုးအလျော့ကို အတည်ပြုခြင်း၊

(ဈ) ပြစ်မှုကျူးလွန်သောအလုပ်သမားတို့ကို အရေးယူအပြစ်ပေးခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုခြင်း၊

(ည) အလုပ်သမားတစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ နစ်နာမှုများကို တင်ပြလာပါက စစ်ဆေးခြင်း၊

(ဋ) အလုပ်သမားများ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များ သတ်မှတ် ပေးခြင်း၊

(ဌ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် ကြီးကြပ်ပေးခြင်း၊

(ဍ) အလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ၊ သက်သာချောင်ချိရေးရန်ပုံငွေများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဎ) လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း၊

(ဏ) မြို့နယ်ကော်မတီရုံးများ၏ ရသုံးမှန်းခြေ သက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာငွေစာရင်းများအား အတည်ပြုသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(တ) လုပ်ငန်းနှင့်သက်ဆိုင်သည့် အလံပုံစံ၊ အလံအရွယ်အစား၊ ရုံးတံဆိပ်၊ ရင်ထိုး၊ လက်မောင်းတံဆိပ်နှင့် ဝတ်စုံ (Uniform) များကို ဝန်ကြီးထံတင်ပြပြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း။

၁၁။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ လုပ်ငန်းများနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေးတို့ အတွက် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း၊

(ခ) အလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများကို စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) လုပ်ငန်းအလိုက် အလုပ်သမားအင်အား အနည်းဆုံးနှင့် အများဆုံး သတ်မှတ်ခြင်း၊ ကရုဏာကြေး သတ်မှတ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများကို တိုင်းဒေသကြီးကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဃ) ဒေသအခြေအနေ အချိန်ကာလနှင့် လိုက်လျောညီထွေရှိသည့်လုပ်ခများ ရရှိစေရေးအတွက် တိုင်းဒေသကြီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(င) လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ခြင်း၊

(စ) ဘဏ္ဍာရေးနှစ်အလိုက် သက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲ၍ တိုင်းဒေသကြီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဆ) အလုပ်ရှင်နှင့် အလုပ်သမားများကြား ပေါ်ပေါက်လာသော အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခြင်း၊

(ဇ) တိုင်းဒေသကြီးကော်မတီမှ အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၂။ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းများနှင့် အလုပ်သမားများ စနစ်တကျရှိရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) လုပ်သားများ၏ လုပ်အားခ တိုးမြှင့်ပေးရန် လိုအပ်လာပါက မြို့နယ်ကော်မတီသို့ တင်ပြခြင်း၊

(ဂ) တိုင်းဒေသကြီးကော်မတီနှင့် မြို့နယ်ကော်မတီတို့မှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

## **အခန်း (၅)**
## **ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း**

၁၃။ ၁၉၄၇-ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉-ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) အရလည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀-ပြည့်နှစ်၊ ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများဖြင့်လည်းကောင်း လုပ်ကိုင်လျက်ရှိသော ယခင်အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် တိုင်းဒေသကြီးကော်မတီရုံးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ဤလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်။

၁၄။ ဤဥပဒေအရ သတ်မှတ်ထားသောလုပ်ငန်းများတွင် အလုပ်သမား (၅) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လရှိသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများကို မြို့နယ်ကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးကော်မတီသို့ တင်ပြရမည်။

၁၅။ တိုင်းဒေသကြီးကော်မတီသည် ပုဒ်မ ၁၄ အရ လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မတီ၏တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။ ငြင်းပယ်မှုအပေါ် ကျေနပ်မှုမရှိပါက ဝန်ကြီးထံ အယူခံဝင်ခွင့်ရှိသည်။ ဝန်ကြီး၏အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

၁၆။ ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာမြို့နယ်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအရ လုပ်ကိုင်ရမည်။

၁၇။ တိုင်းဒေသကြီးကော်မတီသည် ထုတ်ပေးထားသောခွင့်ပြုချက်ကို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များအနက် တစ်ရပ်ရပ်

ဖောက်ဖျက်လျှင် သတ်မှတ်ကာလမတိုင်မီ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၈။ အလုပ်သမားကြီးကြပ်ရေးကော်မတီသည် လူမှုဖူလုံရေးနှင့်ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်များထံမှ ကောက်ခံ၍ မြို့နယ်ကော်မတီသို့ ပေးသွင်းရမည်။

၁၉။ မြို့နယ်ကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၇)
## ကော်မတီရုံး ဖျက်သိမ်းခြင်း

၂၀။ မြို့နယ်ကော်မတီရုံး သို့မဟုတ် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးတစ်ခုခုသည် လုပ်ငန်းများလျော့ကျလာခြင်းကြောင့် ခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေကြုံတွေ့ရလျှင် အကြောင်းအကျိုးပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီးကော်မတီသို့ တင်ပြရမည်။

၂၁။ တိုင်းဒေသကြီးကော်မတီသည် ပုဒ်မ ၂၀ အရ တင်ပြချက်ကို စစ်ဆေးစိစစ်ပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကော်မတီရုံးများနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၂၂။ ပုဒ်မ ၂၁ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကော်မတီရုံးနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို နည်းဥပဒေများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။ ဖျက်သိမ်းပြီးပါက စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ တိုင်းဒေသကြီးကော်မတီရုံးသို့ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီးကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကော်မတီနှင့် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးတို့၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား ဝန်ကြီးထံသို့ တင်ပြရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၄။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) သတ်မှတ်နယ်မြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခြင်း၊

(ခ) အလုပ်သမားများ၏လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဂ) အလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို ထုတ်ပေးရန် ပျက်ကွက်ခြင်း။

၂၅။ မည်သူမျှ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦး၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကို တားဆီးခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမပြုရ။

၂၆။ (က) မည်သူမျှ သတ်မှတ်ထားသောလုပ်အားခထက် ပိုတောင်းခံခြင်းမပြုရ၊

(ခ) မည်သူမျှ လုပ်ငန်းခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၉)
## ပြစ်ဒဏ်များ

၂၇။ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၃၀။ မည်သူမဆို ဤဥပဒေအရ အရေးယူသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းကိုမဆို တိုင်းဒေသကြီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၃၂။ တိုင်းဒေသကြီးကော်မတီသည် အလုပ်သမားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ခ နှုန်းထားများ သတ်မှတ်ခြင်း၊ လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်း၊ အပြစ်ပေးအရေးယူခြင်းနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၃၃။ တိုင်းဒေသကြီးကော်မတီသည် လုပ်ငန်းခွင့်ပြုချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းသက်တမ်း၊ အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၃၄။ ယခင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၅။ ၁၉၄၇-ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉-ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) သည်လည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀-ပြည့်နှစ်၊ ပြည်တွင်းကုန်တင် ကုန်ချ အလုပ်သမားများစောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅-ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲ အမိန့်နှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့သည်လည်းကောင်း ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်အစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

ကယားပြည်နယ်အစိုးရအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထုတ်ပြန်လိုက်သည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၁။ ကယားပြည်နယ်အစိုးရအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ နှင့် အညီ အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် အဆိုပါအငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည်။

၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ -

(က) အလုပ်ရှင် သို့မဟုတ် အလုပ်သမား သို့မဟုတ် ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းက တိုင်ကြားလာပါက ဥပဒေနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ညှိနှိုင်းဖျန်ဖြေပေးရမည်။

( ခ ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ထားသည့် သို့မဟုတ် အခါ အားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးရမည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏တာဝန်များ**

၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏တာဝန်များမှာ -

(က) အငြင်းပွားမှုအား လက်ခံရရှိသည့်အခါ ဥက္ကဋ္ဌသည် ညှိနှိုင်းဖျန်ဖြေရန်အတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးအနက်မှ တစ်ဦးအား အဖွဲ့ဝင် (၁)

အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ပါ အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ် သုံးဦးအနက်မှ တစ်ဦးအားအဖွဲ့ဝင် (၂) အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း အနည်းဆုံးအဖွဲ့ဝင်သုံးဦးပါ အဖွဲ့ငယ်များဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် အတွင်းရေးမှူးအား ညွှန်ကြားရမည်။

(ခ) အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေပေးရမည့်နေ့ရက်ကို သတ်မှတ်ပေးပြီး အတွင်းရေးမှူးအား အမှုချိန်းဆိုစေရမည်။

(ဂ) အဖွဲ့ငယ်ကို သတ်မှတ်ကာလသုံးရက်အတွင်း ညှိနှိုင်းဖျန်ဖြေစေရန် ညွှန်ကြားရမည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ညှိနှိုင်းဖျန်ဖြေရာတွင် အချိန်ထပ်တိုးဆောင်ရွက်ရန်လိုအပ်သည့် ဆောင်ရွက်ချက်များရှိပါက ခွင့်ပြုပေးနိုင်သည်။ လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့သို့လည်း အသိပေးတင်ပြရမည်။

(ဃ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင် လစ်လပ်သည့် စာရင်းကို အတွင်းရေးမှူးက တင်ပြလျှင်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း၊ အဖွဲ့ဝင်ခန့်အပ်ရန် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြရမည်။ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်ရမည့် အဖွဲ့ဝင်များအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ရက်ပေါင်း ၆၀ ကြိုတင်တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ရမည်။

(င) အဖွဲ့ငယ်သည်အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေပြီးသည့်အခါ အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်မပါရှိသည့် အဖွဲ့ငယ်တွင် ပါဝင်ဖျန်ဖြေပေးသူ သုံးဦးကို ချီးမြှင့်ထောက်ပံ့ငွေနှင့်စရိတ်ရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြတောင်းခံပေးခြင်း၊ ပြန်လည်စရိတ်ပေးခြင်းများကို ဆက်လက်၍ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက အတွင်းရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၄။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ **အတွင်းရေးမှူး၏**တာဝန်များမှာ -

(က) အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် သက်ဆိုင်သောဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်သမားလျော်ကြေးနှင့် အကျုံးဝင်ပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများသို့လည်းကောင်း အဆိုပါဥပဒေများနှင့်အညီ လိုအပ်သလိုသွားရောက်ဆောင်ရွက်စေရန် အသိပေးပြောကြားရမည်။ ထိုသို့ အသိပေးပြောကြားမှုကို မှတ်တမ်းတင်ထားရှိရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် အငြင်းပွားမှုများကို လက်ခံရရှိသောအခါ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အကြောင်းကြားရမည်ဖြစ်ပြီး အငြင်းပွားမှုမှတ်ပုံတင်စာအုပ် (နောက်ဆက်တွဲပုံစံ “က”) တွင် ရေးသွင်းမှတ်တမ်းတင်ထားရမည်။

(ဂ) အလုပ်ရှင်ကဖြစ်စေ၊ အလုပ်သမားကဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အမှုချိန်းဆိုရက်ရွှေ့ဆိုင်းပေးပါရန် တောင်းဆိုလျှင် ဥက္ကဋ္ဌထံ ထောက်ခံချက် သို့မဟုတ် သဘောထားမှတ်ချက်နှင့်အတူ တင်ပြ၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် ညှိနှိုင်းဖျန်ဖြေပေးရမည့် နေ့ရက်ရရှိပါက အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၊ အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားတို့အား အသိပေးချိန်းဆိုပေးရမည်။

(င) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စာချုပ်မူရင်း ငါးစောင်ပြုလုပ်၍ အလုပ်သမား၊ အလုပ်ရှင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ပြည်နယ်ခုံသမာဓိအဖွဲ့များထံသို့ တစ်စောင်စီပေးပို့ရမည်။ အကယ်၍ ပြေငြိမ်းမှုမရရှိသော အငြင်းပွားမှုသည် -

(၁) တစ်ဦးချင်း အငြင်းပွားမှုဖြစ်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာအငြင်းပွားသူများသို့ အသိပေးအကြောင်းကြားရမည်။

(၂) စုပေါင်းအငြင်းပွားမှုဖြစ်ပါက သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှု အစီရင်ခံစာနှင့်အတူ အမှုတွဲကို လွှဲပြောင်းပေးပို့ရမည်။ ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံစာအကျဉ်းချုပ် တင်ပြရမည်။

(စ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညွှန်ကြားသည့် အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ရမည်။

(ဆ) အငြင်းပွားမှု စတင်ညှိနှိုင်းဖျန်ဖြေခြင်းမပြုမီ သက်ဆိုင်ရာအငြင်းပွားသူများထံမှ ကိုယ်စားလှယ်လွှဲစာ ရှိ/မရှိ မေးမြန်း၍ ကိုယ်စားလှယ်လွှဲစာ တင်ပြပါက အဆိုပါ ကိုယ်စားလှယ်လွှဲစာအပေါ်တွင် လက်မှတ်ရေးထိုးထားရမည်။

(ဇ) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညွှန်ကြားချက်အရ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များကိုလည်းကောင်း အမှုတွဲ နေ့စဉ်မှတ်တမ်းရေးသားထားရမည်။ ထိုရေးသားချက်များအားလုံးကို ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရန် တင်ပြရမည်။ (နောက်ဆက်တွဲပုံစံ "ခ")

(ဈ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖျန်ဖြေပေးခဲ့သည့် ကိစ္စရပ်များကို အငြင်းပွားမှုအခြေအနေပြဇယားတွင် ရေးမှတ်ရမည်ဖြစ်ပြီး ပြည်နယ်ခုံသမာဓိအဖွဲ့သို့ လချုပ်စာရင်း ပေးပို့ရမည်။ (နောက်ဆက်တွဲပုံစံ "ဂ")

(ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း၊ အငြင်းပွားမှုဖျန်ဖြေနေစဉ် အဖွဲ့ဝင်လစ်လပ်လျှင်လည်းကောင်း လိုအပ်သောအဖွဲ့ဝင်များကို တာဝန်ပေးခန့်အပ်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

၅။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတွင်းရေးမှူးက အငြင်းပွားမှုကို ဖျန်ဖြေပေးရန် ချိန်းဆိုရာတွင် လာရောက်ခြင်း၊

(ခ) ညှိနှိုင်းဖျန်ဖြေနေစဉ် အလုပ်ရှင်၊ အလုပ်သမားတို့မှ ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ဥက္ကဋ္ဌထံတင်ပြပြီး ဆက်လက်ညှိနှိုင်းဖျန်ဖြေပေးခြင်း၊

(ဂ) ပြေငြိမ်းမှုရရှိသည့်အခါ ပုံစံ (၄) နှင့်အညီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပေးခြင်း၊

(ဃ) ပြေငြိမ်းမှုမရရှိပါက အတွင်းရေးမှူးထံ တင်ပြခြင်း၊

(င) အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေနေစဉ် အကြောင်းတစ်စုံတစ်ရာကြောင့် ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အတွင်းရေးမှူးထံ တင်ပြခြင်း။

**အငြင်းပွားမှုဖျန်ဖြေရာတွင် ယေဘုယျလိုက်နာရမည့်စည်းကမ်းများ**

၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ အငြင်းပွားမှုကိုညှိနှိုင်းဖျန်ဖြေရာတွင် လိုက်နာရမည့် စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ကာလအတွင်း အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ အငြင်းပွားမှု

အခြေအနေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများကို သိရှိစေရန် အငြင်းပွားသူများအား ရှင်းလင်းပြောကြားခြင်းဖြင့် နှစ်ဖက်ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေပေးခြင်း၊

(ခ) ညှိနှိုင်းဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းမှုမရရှိပါက တစ်ဦးချင်း အငြင်းပွားမှုကို သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့လည်းကောင်း၊ စုပေါင်း အငြင်းပွားမှုကို ပြည်နယ်ခုံသမာဓိအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြဖြေရှင်းရမည်ဖြစ်ကြောင်း အငြင်းပွားသူများအား အသိပေးပြောကြားခြင်း၊

(ဂ) တစ်ဦးချင်းအငြင်းပွားမှုတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား တည်ဆဲဥပဒေတစ်ရပ်ရပ် အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည့် ကိစ္စရပ်များတွင် အောက်ပါ ကိစ္စရပ်များ ပါဝင်သည် -

(၁) တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊

(၂) စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့် ကိစ္စရပ်များ (ဥပမာ။ သဘောတူညီချက် စာချုပ်သက်တမ်း တစ်နှစ်သတ်မှတ်ထားရာတွင် တစ်နှစ်မပြည့်မီ လုပ်ခလစာတိုးပေးရန် တောင်းဆိုခြင်း)၊

(၃) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်နှင့်သက်ဆိုင်သော ကိစ္စရပ်များ (ဥပမာ။ အလုပ် လုပ်ကိုင်ရန် တစ်နှစ်သတ်မှတ်ထားရာတွင် လုပ်သက်တစ်နှစ်မပြည့်မီ နို့တစ်မပေးဘဲ အလုပ် ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ထွက်ခြင်း)။

(ဃ) စုပေါင်းအငြင်းပွားမှုတွင် အလုပ်ရှင်နှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများ အကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် အောက်ပါကိစ္စရပ်များပါဝင်သည် -

(၁) လုပ်ငန်းခွင်အခြေအနေဆိုင်ရာကိစ္စရပ်များ၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်ပြုမှုဆိုင်ရာကိစ္စရပ်များ၊

(၃) အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများနှင့် ကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များ၊

(၄) အလုပ်ရှင်နှင့်အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊

(၅) လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို ထိခိုက် အန္တရာယ်ဖြစ်စေသော ကိစ္စရပ်များ။

၇။ အောက်ပါ အငြင်းပွားမှုများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ များနှင့် အကျုံးမဝင်သော အငြင်းပွားမှုများဖြစ်သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေခြင်း မပြုရ -

(က) စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ဘာသာရေး၊ လူမှုရေး ပရဟိတလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(ခ) ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်ပြီးသည့် အငြင်းပွားမှု၊

(ဂ) မိသားစုအဖြစ် စီးပွားခွဲမဟုတ်သူများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဃ) ပစ္စည်းသယ်ယူရန် ယာဉ်ငှားသည့်ကိစ္စနှင့်ဖြစ်ပွားသော အငြင်းပွားမှု၊

(င) ငွေကြေးအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(စ) အလုပ်ရှင်နှင့်အလုပ်သမားဆက်ဆံမှုမဟုတ်သော ဆရာနှင့်တပည့်ကျောင်းသား၊ ဘုန်းကြီးနှင့် ကပ္ပိယ ဖြစ်ပွားသော အငြင်းပွားမှု၊

(ဆ) ငှားရမ်းထားသောပစ္စည်း ပြန်ရလိုမှုအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဇ) ကန်ထရိုက်စနစ်ဆက်ဆံမှုမျိုးဖြစ်လျှင် အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံမှုမဟုတ်သော အငြင်းပွားမှု၊

(ဈ) ပစ္စည်းငှားရမ်းခနှင့်သက်ဆိုင်သော ငွေကြေး (မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားကိစ္စ) ဆိုင်ရာအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ည) လုပ်ငန်းတစ်ခုတည်းတွင် အစုစပ်ပါဝင်သော ပိုင်ရှင်များအနက် ပုဂ္ဂိုလ်တစ်ဦးကို တရားရုံးတွင် အမှုဖွင့်ဆောင်ရွက်ထားဆဲတွင် ကျန်တစ်ဦးကို အငြင်းပွားမှုအနေဖြင့်တိုင်ကြားသော အငြင်းပွားမှု၊

(ဋ) နစ်နာ၍ တိုင်ကြားမှုသည် စိတ်ရောဂါဝေဒနာသည်ဖြစ်၍ အထောက်အထားသာဓကမပြနိုင်သော အငြင်းပွားမှု၊

(ဌ) တစ်ကြိမ်ဆုံးဖြတ်ပြီးသော ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်သတ်မှတ်ကာလမကုန်ဆုံးမီ နောက်တစ်ကြိမ် ထပ်မံတောင်းဆိုသော အငြင်းပွားမှု။

၈။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အကြောင်းတစ်စုံတစ်ရာကြောင့် အငြင်းပွားမှုကို ဆက်လက်ညှိနှိုင်းဖျန်ဖြေခြင်းမပြုနိုင်လျှင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ပါ အဖွဲ့ဝင်တစ်ဦးဖြည့်စွက်ခန့်ထားရန် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြ၍ ခန့်ထားခွင့်တောင်းခံရမည်။ ထိုသို့ခန့်ထားခြင်းခံရသောအဖွဲ့ဝင်သည် မိမိအားအငြင်းပွားမှု စတင်ညှိနှိုင်းဖျန်ဖြေသည့်အချိန်မှစ၍ ခန့်ထားဘိသကဲ့သို့ အငြင်းပွားမှုကိုဆက်လက်ညှိနှိုင်းဖျန်ဖြေပေးနိုင်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၆ ပါ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက် အတည်ဖြစ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ မကျော်လွန်မီကာလအတွင်း ယင်းဆုံးဖြတ်ချက်အား ပြုပြင်ပြောင်းလဲရန်ဖြစ်စေ၊ ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်၍ဖြစ်စေ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား ထပ်မံခေါ်ယူညှိနှိုင်းဖျန်ဖြေပေးခြင်းသည် ဥပဒေကိုကျော်လွန်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုရ။

၁၀။ ယခုထုတ်ပြန်သည့် လုပ်ငန်းတာဝန်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

**နောက်ဆက်တွဲပုံစံ "က"**

__________ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ____________________ ပြည်နယ်

၂၀_____ ခုနှစ်၊ ____________________ လအတွက် အငြင်းပွားမှု မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | အမှုလက်ခံရရှိသည့်နေ့ | တောင်းဆိုသူ | တောင်းဆိုခြင်းခံရသူ | အမှုအမှတ် | အမှုညှိနှိုင်းဖျန်ဖြေသည့်နေ့များ | ဆောင်ရွက်ချက်များ | ခုံသမာဓိအဖွဲ့သို့အမှုတွဲပို့သည့်နေ့စွဲနှင့်စာအမှတ် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

အတွင်းရေးမှူး

လက်မှတ် -----------------------------------

အမည် -----------------------------------

ရာထူး/ဌာန -----------------------------------

ရက်စွဲ -----------------------------------

**နောက်ဆက်တွဲပုံစံ "ခ"**

**နေ့စဉ်မှတ်တမ်း**

____________________မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့

__________________ရုံး/____________________မြို့

၂၀ ခုနှစ်၊ အငြင်းပွားမှုအမှတ်______________/______________

____________________နှင့် ____________________

____________________ ____________________

| နေ့စွဲ | ဆောင်ရွက်သည့်အမှုကိစ္စများကိုမှတ်သားချက် | အမှုကိုရွှေ့ဆိုင်းလိုသည့်နေ့စွဲ |
|---|---|---|
| | | |

အတွင်းရေးမှူး

လက်မှတ်-----------------------------------

အမည်-------------------------------------

ရာထူး/ဌာန--------------------------------

ရက်စွဲ-------------------------------------

**နောက်ဆက်တွဲပုံစံ “ဂ”**

__________ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ____________________ ပြည်နယ်

၂၀_____ ခုနှစ်၊ ____________________ လအတွက် အငြင်းပွားမှု အခြေအနေပြဇယား

| အမှတ်စဉ် | မြို့နယ် | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်လ လက်ကျန်အမှု | | ယခုလ လွှဲအပ်အမှု | | စုစုပေါင်း | ယခင်လအတွင်းဆောင်ရွက်ချက် | | | | | | | | |
| | | | | | | | ဖျန်ဖြေသည့်အမှု | | ပိတ်/ရုပ်သိမ်း | | စုစုပေါင်း | လက်ကျန်အမှု | | စုစုပေါင်း | |
| | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | | |
| | | | | | | | | | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ------------------------------

အမည် ------------------------------

ရာထူး/ဌာန ------------------------------

ရက်စွဲ ------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

ကချင်ပြည်နယ်အစိုးရအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ နှင့်အညီ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် အဆိုပါညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖော်ပြပါအတိုင်း သတ်မှတ်ပါသည်။

၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အလုပ်ရှင် (သို့မဟုတ်) အလုပ်သမား (သို့မဟုတ်) ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများက တိုင်ကြားလာပါက ဥပဒေနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ထားသည့် (သို့မဟုတ်) အခါအားလျော်စွာပေးပို့သည့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးရမည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏တာဝန်များ**

၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အငြင်းပွားမှုအား လက်ခံရရှိသည့်အခါ ဖျန်ဖြေရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အလုပ်ရှင်များ (သို့မဟုတ်) အလုပ်ရှင်အဖွဲ့အစည်း များက ရွေးချယ်ပေးသော ကိုယ်စားလှယ် (၃) ဦးမှ တစ်ဦးအား အဖွဲ့ဝင် (၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ပါ အလုပ်သမား (သို့မဟုတ်) အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ် (၃) ဦးမှ တစ်ဦးအားအဖွဲ့ဝင် (၂) အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌကိုယ်တိုင် (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း အနည်းဆုံးအဖွဲ့ဝင်သုံးဦးပါ အဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် အတွင်းရေးမှူး အား ညွှန်ကြားရမည်။

(ခ) အငြင်းပွားမှုဖျန်ဖြေပေးရမည့်ရက် သတ်မှတ်ပေးပြီး အတွင်းရေးမှူးအား အမှုချိန်းဆိုစေရမည်။

(ဂ) အဖွဲ့ငယ်အား သတ်မှတ်ကာလ (၃) ရက်အတွင်း ဖျန်ဖြေစေရန် ညွှန်ကြားရမည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ဖျန်ဖြေရာတွင် အချိန်ထပ်တိုးဖျန်ဖြေရန်လိုအပ်သည့် ဆောင်ရွက်ချက်များ အတွက် ခွင့်ပြုပေးနိုင်သည်။ လိုအပ်ပါက ကချင်ပြည်နယ်အစိုးရအဖွဲ့သို့လည်း အသိပေးတင်ပြ ရမည်။

(ဃ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင် လစ်လပ်သည့်စာရင်းကို အတွင်းရေးမှူးက တင်ပြလျှင်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း၊ အဖွဲ့ဝင်ခန့်အပ်ရန် ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြရမည်။ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်ရမည့် အဖွဲ့ဝင်များအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ရက်ပေါင်း (၆၀) ကြိုတင်တင်ပြဆောင်ရွက်ရမည်။

(င) အဖွဲ့ငယ်မှအငြင်းပွားမှုအား ဖျန်ဖြေပြီးသည့်အခါ အစိုးရဝန်ထမ်းမပါ အဖွဲ့ငယ်တွင် ပါဝင် ဖျန်ဖြေပေးသူ (၃) ဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့်စရိတ်ရရှိရေး ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ

တင်ပြတောင်းခံပေးခြင်း၊ ပြန်လည်စရိတ်ပေးခြင်းများအား ဆက်လက်၍ ဆောင်ရွက်ရမည်။ လိုအပ်ပါက အတွင်းရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၄။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ **အတွင်းရေးမှူး**၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သောဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာအလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လူမှုဖူလုံရေးဥပဒေနှင့်အကျုံးဝင်ပါက သက်ဆိုင်ရာလူမှု ဖူလုံရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်သမားလျော်ကြေးနှင့်အကျုံးဝင်ပါက အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနသို့လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့်အကျုံးဝင်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများသို့လည်းကောင်း သက်ဆိုင်ရာဥပဒေနှင့်အညီ သွားရောက် ဆောင်ရွက်စေရန် အသိပေးပြောကြားပြီး ထိုသို့အသိပေးမှုအား မှတ်တမ်းထားရှိရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် အငြင်းပွားမှု များကို လက်ခံရရှိသောအခါ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အကြောင်းကြား ရမည်ဖြစ်ပြီး အငြင်းပွားမှုမှတ်ပုံတင်စာအုပ် **(နောက်ဆက်တွဲပုံစံ "က")** တွင် ရေးမှတ်ရမည်။

(ဂ) အလုပ်ရှင်ကဖြစ်စေ၊ အလုပ်သမားကဖြစ်စေ အမှုချိန်းဆိုရက်ရွှေ့ဆိုင်းပေးပါရန် အချိန် တောင်းဆိုလျှင် ဥက္ကဋ္ဌထံ ထောက်ခံချက် (သို့မဟုတ်) သဘောထားမှတ်ချက်နှင့်အတူ တင်ပြ၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် ဖျန်ဖြေပေးရမည့် ရက်ချိန်းရရှိပါက အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၊ အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားတို့အား ချိန်းဆိုပေးရမည်။

(င) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စာချုပ်မူရင်း ငါးစောင် ပြုလုပ်ပြီး အလုပ်သမား၊ အလုပ်ရှင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ကချင်ပြည်နယ်ခုံသမာဓိအဖွဲ့များထံသို့ တစ်စောင်စီပေးပို့ရမည်။ အကယ်၍ ပြေငြိမ်းမှုမရရှိသော အငြင်းပွားမှုသည် -

(၁) တစ်ဦးချင်း အငြင်းပွားမှုဖြစ်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားရမည် ဖြစ်ကြောင်း သက်ဆိုင်ရာအငြင်းပွားသူများသို့ အသိပေးရမည်။

(၂) စုပေါင်းအငြင်းပွားမှုဖြစ်ပါက သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ ပြေငြိမ်းမှုမရရှိသော စုပေါင်း အငြင်းပွားမှုအစီရင်ခံစာနှင့်အတူ အမှုတွဲလွှဲပြောင်းပေးပို့ရမည်။ ထို့အပြင် ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ အစီရင်ခံစာအကျဉ်းချုပ် တင်ပြရမည်။

(စ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညွှန်ကြားသည့် အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ရမည်။

(ဆ) အငြင်းပွားမှု စတင်ဖျန်ဖြေခြင်းမပြုမီ သက်ဆိုင်ရာအငြင်းပွားသူများထံမှ ကိုယ်စားလှယ်လွှဲစာ ရှိ/မရှိ မေးမြန်း၍ ကိုယ်စားလှယ်လွှဲစာ တင်ပြပါက အဆိုပါ ကိုယ်စားလှယ်လွှဲစာများအပေါ်တွင် လက်မှတ်ရေးထိုးရမည်။

(ဇ) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညွှန်ကြားချက်အရ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များကိုသော် လည်းကောင်း အမှုတွဲနေ့စဉ်မှတ်တမ်း ရေးသားထားရမည်။ ထိုရေးသားချက်များအားလုံးကို ဥက္ကဋ္ဌ လက်မှတ်ရေးထိုးရန် တင်ပြရမည်။ **(နောက်ဆက်တွဲပုံစံ "ခ")**

(ဈ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးခဲ့သည့် အငြင်းပွားမှုအခြေအနေပြဇယားတွင် ရေးမှတ်ရမည် ဖြစ်ပြီး ကချင်ပြည်နယ်ခုံသမာဓိအဖွဲ့သို့ လချုပ်စာရင်းပေးပို့ရမည်။ **(နောက်ဆက်တွဲပုံစံ "ဂ")**

(ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အငြင်းပွားမှု ဖျန်ဖြေနေစဉ် အဖွဲ့ဝင် လစ်လပ်လျှင်သော်လည်းကောင်း အဖွဲ့ဝင်များ တာဝန်ပေးခန့်အပ်ရန် ဥက္ကဋ္ဌသို့ တင်ပြ ရမည်။

၅။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အတွင်းရေးမှူးမှ အငြင်းပွားမှုအား ဖျန်ဖြေပေးရန် ချိန်းဆိုရာတွင် လာရောက်ရမည်။

(ခ) ဖျန်ဖြေနေစဉ် အလုပ်ရှင်၊ အလုပ်သမားတို့မှ ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ဉက္ကဋ္ဌထံ တင်ပြပြီး ဆက်လက်ဖျန်ဖြေပေးရမည်။

(ဂ) ပြေငြိမ်းမှုရရှိသည့်အခါ ပုံစံ (၄) နှင့်အညီ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုပေးရမည်။

(ဃ) ပြေငြိမ်းမှုမရရှိပါက အတွင်းရေးမှူးထံ တင်ပြရမည်။

(င) အငြင်းပွားမှုဖျန်ဖြေနေစဉ် အကြောင်းတစ်ခုခုကြောင့် ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အတွင်းရေးမှူးထံ တင်ပြရမည်။

**အငြင်းပွားမှုဖျန်ဖြေရာတွင် ယေဘုယျလိုက်နာရမည့်စည်းကမ်းများ**

၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ အငြင်းပွားမှုဖျန်ဖြေရာတွင် လိုက်နာရမည့် စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ကာလအတွင်း အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဉပဒေ၊ နည်းဉပဒေများ၊ တည်ဆဲအလုပ်သမားဉပဒေများနှင့်အညီ ဉပဒေပါ ရပိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ အငြင်းပွားမှု အခြေအနေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများအား သိရှိစေရန် အငြင်းပွားသူများအား ရှင်းလင်းပြောကြားခြင်းဖြင့် နှစ်ဖက်ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေပေးရမည်။

(ခ) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းမှုမရရှိပါက တစ်ဦးချင်း အငြင်းပွားမှုအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့လည်းကောင်း၊ စုပေါင်း အငြင်းပွားမှုအား ကချင်ပြည်နယ်ခုံသမာဓိအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြဖြေရှင်းရမည် ဖြစ်ကြောင်း အငြင်းပွားသူများအား အသိပေးရမည်။

(ဂ) တစ်ဦးချင်းအငြင်းပွားမှုတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား တည်ဆဲဉပဒေတစ်ရပ်ရပ် အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည့် အောက်ပါကိစ္စရပ်များ ပါဝင်သည် -

(၁) တည်ဆဲအလုပ်သမားဉပဒေ၊ နည်းဉပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊

(၂) စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့်ကိစ္စရပ်များ (ဉပမာ။ သဘောတူညီချက် စာချုပ် သက်တမ်းတစ်နှစ်သတ်မှတ်ထားရာတွင် တစ်နှစ်မပြည့်မီ လုပ်ခလစာတိုးပေးရန် တောင်းဆိုခြင်း)၊

(၃) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်နှင့် သက်ဆိုင်သောကိစ္စရပ်များ (ဉပမာ။ အလုပ် လုပ်ကိုင်ရန် တစ်နှစ်သတ်မှတ်ထားရာတွင် လုပ်သက်တစ်နှစ်မပြည့်မီ နို့တစ်မပေးဘဲ အလုပ် ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ထွက်ခြင်း)။

(ဃ) စုပေါင်းအငြင်းပွားမှုတွင် အလုပ်ရှင်များနှင့် အလုပ်သမားများ (သို့မဟုတ်) အလုပ်သမား အဖွဲ့အစည်းများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် အောက်ပါကိစ္စရပ်များပါဝင်သည် -

(၁) လုပ်ငန်းခွင်အခြေအနေဆိုင်ရာကိစ္စရပ်များ၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း (သို့မဟုတ်) အလုပ်သမားအဖွဲ့အစည်းများအား အသိအမှတ်ပြုမှုဆိုင်ရာကိစ္စရပ်များ၊

(၃) အလုပ်ရှင်အဖွဲ့အစည်း (သို့မဟုတ်) အလုပ်သမားအဖွဲ့အစည်းများက အသိအမှတ်ပြု ထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များ၊

(၄) အလုပ်ရှင်နှင့်အလုပ်သမားအကြား လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊

(၅) လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော (သို့မဟုတ်) လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသောကိစ္စရပ်များ။

၇။ အောက်ပါအငြင်းပွားမှုများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် အကျုံးမဝင်သော အငြင်းပွားမှုများဖြစ်သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက ဖျန်ဖြေခြင်း မပြုရပါ -

(က) စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ဘာသာရေး၊ လူမှုရေး ပရဟိတလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(ခ) ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်နေသည့် အငြင်းပွားမှု၊

(ဂ) မိသားစုအဖြစ် စီးပွားခွဲမဟုတ်သူများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဃ) ပစ္စည်းသယ်ယူရန် ယာဉ်ငှားသည့်ကိစ္စဖြစ်ပွားသော အငြင်းပွားမှု၊

(င) ငွေကြေးအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(စ) အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော ဆရာနှင့်တပည့်ကျောင်းသား၊ ဘုန်းကြီးနှင့်ကပ္ပိယ ဖြစ်ပွားသော အငြင်းပွားမှု၊

(ဆ) ငှားရမ်းထားသောပစ္စည်း ပြန်ရလိုမှုအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဇ) ကန်ထရိုက်စနစ်ဆက်ဆံမှုမျိုးဖြစ်လျှင် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော အငြင်းပွားမှု၊

(ဈ) ပစ္စည်းငှားရမ်းခငွေကြေး (မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားကိစ္စ) ဆိုင်ရာအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ည) လုပ်ငန်းတစ်ခုတည်းတွင် အစုစပ်ပါဝင်သော ပိုင်ရှင်များအနက် ပုဂ္ဂိုလ်တစ်ဦးကို တရားရုံးတွင် အမှုဖွင့်ထားဆဲ၊ ကျန်တစ်ဦးကို အငြင်းပွားမှုအနေဖြင့် တိုင်ကြားသော အငြင်းပွားမှု၊

(ဋ) နစ်နာ၍ တိုင်ကြားမှုသည် စိတ်ရောဂါဝေဒနာသည်ဖြစ်၍ အထောက်အထားသာဓကမပြနိုင်သော အငြင်းပွားမှု၊

(ဌ) တစ်ကြိမ်ဆုံးဖြတ်ပြီးသော ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်သတ်မှတ်ကာလမကုန်ဆုံးမီ နောက်တစ်ကြိမ် ထပ်မံတောင်းဆိုသော အငြင်းပွားမှု။

၈။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးမှာ အကြောင်းအမျိုးမျိုးကြောင့် အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ပါ အဖွဲ့ဝင်တစ်ဦးဖြည့်စွက်ခန့်ထားရန် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခန့်ခွင့်တောင်းခံရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်သည် မိမိအားအငြင်းပွားမှုစတင်ဖျန်ဖြေသည့်အချိန်မှစ၍ ခန့်ထားသကဲ့သို့ အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေပေးနိုင်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၆ ပါ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အတည်ဖြစ်သည့်နေ့ရက်မှ သုံးလမကျော်လွန်မီကာလအတွင်း ယင်းဆုံးဖြတ်ချက်အား ပြုပြင်ပြောင်းလဲရန်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်၍သော်လည်းကောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား ခေါ်ယူဖျန်ဖြေပေးခြင်းသည် ဥပဒေကျော်လွန်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုရ။

၁၀။ ယခုထုတ်ပြန်သည့် လုပ်ငန်းတာဝန်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

လဂွန်ခင်န်ဆိုင်း၊
ဝန်ကြီးချုပ်၊
ကချင်ပြည်နယ်အစိုးရအဖွဲ့။

**နောက်ဆက်တွဲ "က"**

--------------- မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ --------------------------- ကချင်ပြည်နယ်

၂၀-------- ခုနှစ်၊ ------------------------- လအတွက် အငြင်းပွားမှု မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | အမှုလက်ခံရရှိသည့်နေ့ | တောင်းဆိုသူ | တောင်းဆိုခြင်းခံရသူ | အမှုအမှတ် | အမှုဖျန်ဖြေသည့်နေ့များ | ဆောင်ရွက်ချက်များ | ခုံသမာဓိအဖွဲ့သို့အမှုတွဲပို့သည့်နေ့စွဲနှင့်စာအမှတ် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ----------------------------------

အမည် -------------------------------------

ရာထူး/ဌာန ------------------------------

ရက်စွဲ -----------------------------------

**နောက်ဆက်တွဲ "ခ"**

## နေ့စဉ်မှတ်တမ်း

----------------------------မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့

----------------------------ရုံး/--------------------------------မြို့

၂၀-------ခုနှစ်၊ အငြင်းပွားမှုအမှတ် ------------------------/----------

--------------------------------- နှင့် ------------------------------

---------------------------------     ------------------------------

| နေ့စွဲ | ဆောင်ရွက်သည့်အမှုကိစ္စများကို မှတ်သားချက် | အမှုကိုရွှေ့ဆိုင်းလိုသည့်နေ့စွဲ |
|---|---|---|
| | | |

အတွင်းရေးမှူး

လက်မှတ်-----------------------------------

အမည်--------------------------------------

ရာထူး/ဌာန----------------------------------

ရက်စွဲ--------------------------------------

## နောက်ဆက်တွဲ "ဂ"

--------------- မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ --------------------------- ကချင်ပြည်နယ်

၂၀-------- ခုနှစ်၊ -------------------------- လအတွက် အပြောင်းအလဲ အခြေအနေပြဇယား

| အမှတ်စဉ် | မြို့နယ် | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်လ လက်ကျန်အမှု | | ယခုလ လွှဲအပ်အမှု | | စုစုပေါင်း | ယခင်လအတွင်းဆောင်ရွက်ချက် | | | | | | | | မှတ်ချက် |
| | | | | | | | ဖျန်ဖြေပေးသည့်အမှု | | ပိတ်/ရုပ်သိမ်း | | စုစုပေါင်း | လက်ကျန်အမှု | | စုစုပေါင်း | |
| | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | တစ်ဦးချင်း | စုပေါင်း | | တစ်ဦးချင်း | စုပေါင်း | | |
| | | | | | | | | | | | | | | | |

အတွင်းရေးမှူး

လက်မှတ် ----------------------------------

အမည် ----------------------------------

ရာထူး/ဌာန ------------------------------

ရက်စွဲ ----------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက် )

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ နှင့်အညီ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် အဆိုပါညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဖော်ပြပါအတိုင်း သတ်မှတ်ပါသည်။

၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အလုပ်ရှင် သို့မဟုတ် အလုပ်သမား သို့မဟုတ် ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများက တိုင်ကြားလာပါက ဥပဒေနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ထားသည့် သို့မဟုတ် အခါအားလျော်စွာပေးပို့သည့် ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးရမည်။

**ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏တာဝန်များ**

၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငြင်းပွားမှုအား လက်ခံရရှိသည့်အခါ ဖျန်ဖြေရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်း များက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအား အဖွဲ့ဝင် (၁) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) ပါ အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော ကိုယ်စားလှယ်သုံးဦးမှ တစ်ဦးအားအဖွဲ့ဝင် (၂) အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း အနည်းဆုံး အဖွဲ့ဝင် (၃) ဦးပါ အဖွဲ့ငယ်များဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် အတွင်းရေးမှူးအား ညွှန်ကြားရမည်။

(ခ) အငြင်းပွားမှုဖျန်ဖြေပေးရမည့်ရက် သတ်မှတ်ပေးပြီး အတွင်းရေးမှူးအား အမှုချိန်းဆိုစေရမည်။

(ဂ) အဖွဲ့ငယ်အား သတ်မှတ်ကာလသုံးရက်အတွင်း ဖျန်ဖြေစေရန်ညွှန်ကြားရမည်။ အကယ်၍ သတ်မှတ် ကာလအတွင်း ဖျန်ဖြေရာတွင် အချိန်ထပ်တိုးဖျန်ဖြေရန်လိုအပ်သည့် ဆောင်ရွက်ချက်များအတွက် ခွင့်ပြုပေးနိုင်သည်။ လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း အသိပေးတင်ပြ ရမည်။

(ဃ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင် လစ်လပ်သည့်စာရင်းကို အတွင်းရေးမှူးက တင်ပြလျှင်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်လည်းကောင်း၊ အဖွဲ့ဝင်ခန့်အပ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရမည်။ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်ရမည့်

အဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရက်ပေါင်း (၆၀) ကြိုတင်တင်ပြဆောင်ရွက်ရမည်။

(င) အဖွဲ့ငယ်မှ အငြင်းပွားမှုအား ဖျန်ဖြေပြီးသည့်အခါ အစိုးရဝန်ထမ်းမပါ အဖွဲ့ငယ်တွင် ပါဝင်ဖျန်ဖြေပေးသူ သုံးဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့်စရိတ်ရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံပေးခြင်း၊ ပြန်လည်စရိတ်ပေးခြင်းများအား ဆက်လက်၍ ဆောင်ရွက်ရမည်။ လိုအပ်ပါက အတွင်းရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၄။ **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အတွင်းရေးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်** -

(က) အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သောဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်သမားလျော်ကြေးနှင့် အကျုံးဝင်ပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများသို့လည်းကောင်း သက်ဆိုင်ရာဥပဒေနှင့်အညီ သွားရောက်ဆောင်ရွက်စေရန် အသိပေးပြောကြားပြီး ထိုသို့အသိပေးမှုအား မှတ်တမ်းထားရှိရမည်။

(ခ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သည့် အငြင်းပွားမှုများကို လက်ခံရရှိသောအခါ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ အကြောင်းကြားရမည်ဖြစ်ပြီး အငြင်းပွားမှုမှတ်ပုံတင်စာအုပ် <u>(နောက်ဆက်တွဲပုံစံ - "က")</u> တွင် ရေးမှတ်ရမည်။

(ဂ) အလုပ်ရှင်ကဖြစ်စေ၊ အလုပ်သမားကဖြစ်စေ အမှုချိန်းဆိုရက်ရွှေ့ဆိုင်းပေးပါရန် အချိန်တောင်းဆိုလျှင် ဥက္ကဋ္ဌထံ ထောက်ခံချက် သို့မဟုတ် သဘောထားမှတ်ချက်နှင့်အတူ တင်ပြ၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် ဖျန်ဖြေပေးရမည့် ရက်ချိန်းရရှိပါက အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၊ အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားတို့အား ချိန်းဆိုပေးရမည်။

(င) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စာချုပ်မူရင်း (၅) စောင်ပြုလုပ်ပြီး အလုပ်သမား၊ အလုပ်ရှင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့များထံသို့ တစ်စောင်စီပေးပို့ရမည်။ အကယ်၍ ပြေငြိမ်းမှုမရရှိသောအငြင်းပွားမှုသည် -

(၁) တစ်ဦးချင်း အငြင်းပွားမှုဖြစ်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာအငြင်းပွားသူများသို့ အသိပေးရမည်။

(၂) စုပေါင်းအငြင်းပွားမှုဖြစ်ပါက သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှုအစီရင်ခံစာနှင့်အတူ အမှုတွဲလွှဲပြောင်းပေးပို့ရမည်။ ထို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစီရင်ခံစာအကျဉ်းချုပ် တင်ပြရမည်။

(စ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညွှန်ကြားသည့် အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ရမည်။

(ဆ) အငြင်းပွားမှုစတင်ဖျန်ဖြေခြင်းမပြုမီ သက်ဆိုင်ရာအငြင်းပွားသူများထံမှ ကိုယ်စားလှယ်လွှဲစာ ရှိ/မရှိ မေးမြန်း၍ ကိုယ်စားလှယ်လွှဲစာ တင်ပြပါက အဆိုပါ ကိုယ်စားလှယ်လွှဲစာများအပေါ်တွင် လက်မှတ်ရေးထိုးရမည်။

(ဇ) အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညွှန်ကြားချက်အရ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များကိုသော်လည်းကောင်း အမှုတွဲနေ့စဉ်မှတ်တမ်း ရေးသားထားရမည်။ ထိုရေးသားချက်များအားလုံးကို ဥက္ကဋ္ဌ လက်မှတ်ရေးထိုးရန် တင်ပြရမည်။ <u>(နောက်ဆက်တွဲပုံစံ - "ခ")</u>

(ဈ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးခဲ့သည့် အငြင်းပွားမှုအခြေအနေပြဇယားတွင် ရေးမှတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လချုပ်စာရင်းပေးပို့ရမည်။ (နောက်ဆက်တွဲပုံစံ - "ဂ")

(ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အငြင်းပွားမှုဖျန်ဖြေနေစဉ် အဖွဲ့ဝင်လစ်လပ်လျှင်သော်လည်းကောင်း အဖွဲ့ဝင်များ တာဝန်ပေးခန့်အပ်ရန် ဥက္ကဋ္ဌသို့ တင်ပြရမည်။

၅။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အဖွဲ့ငယ်တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အတွင်းရေးမှူးမှ အငြင်းပွားမှုအား ဖျန်ဖြေပေးရန် ချိန်းဆိုရာတွင် လာရောက်ရမည်။

(ခ) ဖျန်ဖြေနေစဉ် အလုပ်ရှင်၊ အလုပ်သမားတို့မှ ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ဥက္ကဋ္ဌထံတင်ပြပြီး ဆက်လက်ဖျန်ဖြေပေးရမည်။

(ဂ) ပြေငြိမ်းမှုရရှိသည့်အခါ ပုံစံ (၄) နှင့်အညီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပေးရမည်။

(ဃ) ပြေငြိမ်းမှုမရရှိပါက အတွင်းရေးမှူးထံ တင်ပြရမည်။

(င) အငြင်းပွားမှုဖျန်ဖြေနေစဉ် အကြောင်းတစ်ခုခုကြောင့် ဆက်လက်ဖျန်ဖြေခြင်းမပြုနိုင်လျှင် အတွင်းရေးမှူးထံ တင်ပြရမည်။

**အငြင်းပွားမှုဖျန်ဖြေရာတွင် ယေဘုယျလိုက်နာရမည့်စည်းကမ်းများ**

၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ အငြင်းပွားမှုဖျန်ဖြေရာတွင် လိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ကာလအတွင်း အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအချက်အလက်များ၊ အငြင်းပွားမှု အခြေအနေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများအား သိရှိစေရန် အငြင်းပွားသူများအား ရှင်းလင်းပြောကြားခြင်းဖြင့် နှစ်ဖက်ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေပေးရမည်။

(ခ) ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းမှုမရရှိပါက တစ်ဦးချင်းအငြင်းပွားမှုအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့လည်းကောင်း၊ စုပေါင်းအငြင်းပွားမှုအား သက်ဆိုင်ရာတိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြဖြေရှင်းရမည်ဖြစ်ကြောင်း အငြင်းပွားသူများအား အသိပေးရမည်။

(ဂ) တစ်ဦးချင်းအငြင်းပွားမှုတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုသို့ လျှောက်ထားနိုင်သည့် အောက်ပါကိစ္စရပ်များပါဝင်သည် -

(၁) တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်သက်ဆိုင်သောကိစ္စရပ်များ၊

(၂) စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့် ကိစ္စရပ်များ (ဥပမာ၊ သဘောတူညီချက်စာချုပ်သက်တမ်း တစ်နှစ်သတ်မှတ်ထားရာတွင် တစ်နှစ်မပြည့်မီ လုပ်ခလစာတိုးပေးရန် တောင်းဆိုခြင်း)၊

(၃) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်နှင့် သက်ဆိုင်သောကိစ္စရပ်များ။ (ဥပမာ၊ အလုပ်လုပ်ကိုင်ရန် တစ်နှစ်သတ်မှတ်ထားရာတွင် လုပ်သက်တစ်နှစ်မပြည့်မီ နို့တစ်မပေးဘဲ အလုပ်ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ထွက်ခြင်း)။

(ဃ) စုပေါင်းအငြင်းပွားမှုတွင် အလုပ်ရှင်များနှင့် အလုပ်သမားများ သို့မဟုတ် အလုပ်သမား အဖွဲ့ အစည်းများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် အောက်ပါကိစ္စရပ်များပါဝင်သည် -

(၁) လုပ်ငန်းခွင်အခြေအနေဆိုင်ရာကိစ္စရပ်များ၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအား အသိအမှတ်ပြုမှုဆိုင်ရာကိစ္စရပ်များ၊

(၃) အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများ ကျင့်သုံးမှုဆိုင်ရာကိစ္စရပ်များ၊

(၄) အလုပ်ရှင်နှင့်အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊

(၅) လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ် ဖြစ်စေသော ကိစ္စရပ်များ။

၇။ အောက်ပါ အငြင်းပွားမှုများသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ များနှင့် အကျုံးမဝင်သော အငြင်းပွားမှုများဖြစ်သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက ဖျန်ဖြေခြင်း မပြုရပါ -

(က) စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ဘာသာရေး၊ လူမှုရေးပရဟိတလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(ခ) ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်နေသည့် အငြင်းပွားမှု၊

(ဂ) မိသားစုအဖြစ် စီးပွားခွဲမဟုတ်သူများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဃ) ပစ္စည်းသယ်ယူရန် ယာဉ်ငှားသည့်ကိစ္စ ဖြစ်ပွားသော အငြင်းပွားမှု၊

(င) ငွေကြေးအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု၊

(စ) အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော ဆရာနှင့်တပည့်ကျောင်းသား၊ ဘုန်းကြီးနှင့်ကပ္ပိယ ဖြစ်ပွားသော အငြင်းပွားမှု၊

(ဆ) ငှားရမ်းထားသောပစ္စည်း ပြန်ရလိုမှုအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ဇ) ကန်ထရိုက်စနစ်ဆက်ဆံမှုမျိုးဖြစ်လျှင် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံမှုမဟုတ်သော အငြင်း ပွားမှု၊

(ဈ) ပစ္စည်းငှားရမ်းခငွေကြေး (မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားကိစ္စ) ဆိုင်ရာအတွက် ဖြစ်ပွားသော အငြင်းပွားမှု၊

(ည) လုပ်ငန်းတစ်ခုတည်းတွင် အစုအစပ်ပါဝင်သော ပိုင်ရှင်များအနက် ပုဂ္ဂိုလ်တစ်ဦးကို တရားရုံးတွင် အမှုဖွင့်ထားဆဲ၊ ကျန်တစ်ဦးကို အငြင်းပွားမှုအနေဖြင့် တိုင်ကြားသော အငြင်းပွားမှု၊

(ဋ) နစ်နာ၍ တိုင်ကြားမှုသည် စိတ်ရောဂါဝေဒနာသည်ဖြစ်၍ အထောက်အထားသာဓကမပြ နိုင်သော အငြင်းပွားမှု၊

(ဌ) တစ်ကြိမ်ဆုံးဖြတ်ပြီးသော ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်သတ်မှတ်ကာလမကုန်ဆုံးမီ နောက် တစ်ကြိမ် ထပ်မံတောင်းဆိုသော အငြင်းပွားမှု။

၈။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးမှာ အကြောင်းအမျိုးမျိုးကြောင့် အငြင်းပွားမှုကို ဆက်လက် ဖျန်ဖြေခြင်းမပြုနိုင်လျှင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ပါ အဖွဲ့ဝင်တစ်ဦး ဖြည့်စွက်ခန့်ထားရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ခန့်ခွင့်တောင်းခံရမည်။ ထိုသို့

ခန့်ထားခြင်းခံရသောအဖွဲ့ဝင်သည် မိမိအား အငြင်းပွားမှုစတင်ဖျန်ဖြေသည့်အချိန်မှစ၍ ခန့်ထားသကဲ့သို့ အငြင်းပွားမှုကို ဆက်လက်ဖျန်ဖြေပေးနိုင်သည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ-၃၆ ပါ ခုံသမာဓိအဖွဲ့ (သို့မဟုတ်) ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အတည်ဖြစ်သည့်နေ့ရက်မှ သုံးလမကျော်လွန်မီကာလအတွင်း ယင်းဆုံးဖြတ်ချက်အား ပြုပြင်ပြောင်းလဲရန်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်၍သော်လည်းကောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့်အလုပ်သမားတို့အား ခေါ်ယူဖျန်ဖြေပေးခြင်းသည် ဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုရ။

၁၀။ ယခုထုတ်ပြန်သည့် လုပ်ငန်းတာဝန်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များအား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၄)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၈) အရ အမိန့်ကြော်ငြာစာထုတ်ပြန်လိုက်သည်။

မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၃ ရက် )

အမှတ် (၂) ခြေမြန်တပ်ရင်းမှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၃၇၁၂၉ **ဗိုလ်မှူးအောင်ဖြိုးကြိုင်**အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် **လက်ထောက်ညွှန်ကြားရေးမှူး** လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာ၌ **၂၀၁၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍** ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက် )

အမှတ် (၂၆၁) ခြေလျင်တပ်ရင်းမှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၂၈၄၆၀ **ဗိုလ်ကြီးကံဒွေးလင်း**အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် **ဌာနစုမှူး** လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ **၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍** ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၃၀/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ဇော်မင်းအောင် | ကြည်း ၆၇၁၉၄ |

### (ကြည်းတပ်ဌာနခွဲ)

အမှတ် ၃၂/၂၀၁၄ ။ ။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး (၃၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ အစည်းအဝေးမှလည်း အတည်ပြုပြီးဖြစ်ပါသဖြင့် ဦးရှိန်းမြင့်မော် [နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/မညန (နိုင်) ၁၅၀၂၃၉] အား တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာနရှိ လက်ထောက်ကထိက (ဗိုလ်ကြီး) လစ်လပ်နေရာတွင် စစ်သည်အစားခန့် အမြဲတမ်းအရပ်သားဝန်ထမ်း (အရာထမ်း) ဦးစီးအရာရှိအဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ အစပြု၍ ခန့်အပ်လိုက်သည်။

### (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၃၅/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ထွန်းရီ | ကြည်း ၆၇၁၉၅ |
| (၂) | သိန်းမြင့် | ကြည်း ၆၇၁၉၆ |
| (၃) | ဝင်းကျော် | ကြည်း ၆၇၁၉၇ |
| (၄) | ကျော်လှိုင် | ကြည်း ၆၇၁၉၈ |

### (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

အမှတ် ၅၂/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့

အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) ညွန့်ဝင်း | ကြည်း ၆၇၂၀၇ | (၂၇-၃-၂၀၁၄) |
| (၂) ကျော်ဝင်း | ကြည်း ၆၇၂၀၈ | (၂၈-၃-၂၀၁၄) |
| (၃) တင်ဝင်း | ကြည်း ၆၇၂၀၉ | (၂၈-၃-၂၀၁၄) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

အမှတ် ၅၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) အောင်မင်း | ကြည်း ၆၇၄၃၂ | (၁-၄-၂၀၁၄) |
| (၂) အေးကို | ကြည်း ၆၇၄၃၃ | (၅-၄-၂၀၁၄) |
| (၃) မြင့်သန်း | ကြည်း ၆၇၄၃၄ | (၆-၄-၂၀၁၄) |
| (၄) မျိုးမြင့် | ကြည်း ၆၇၄၃၅ | (၆-၄-၂၀၁၄) |
| (၅) တင်အောင် | ကြည်း ၆၇၄၃၆ | (၆-၄-၂၀၁၄) |
| (၆) ငမဲ | ကြည်း ၆၇၄၃၇ | (၁၀-၄-၂၀၁၄) |
| (၇) ဝင်းတင် | ကြည်း ၆၇၄၃၈ | (၁၄-၄-၂၀၁၄) |
| (၈) ဘီနော့(သ်) | ကြည်း ၆၇၄၃၉ | (၁၉-၄-၂၀၁၄) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၆၁/၂၀၁၄ ။ ။ နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့များမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှအစပြု၍ နယ်ခြားစောင့်တပ်များ၏ ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | |
|---|---|
| (၁) ဦးဝေဆန်း | နခတ (ဂုဏ်ထူးဆောင်)/၁ |
| (၂) ဦးထွန်းကျော် | နခတ (ဂုဏ်ထူးဆောင်)/၂ |
| (၃) ဦးစောထွန်းလှိုင် | နခတ (ဂုဏ်ထူးဆောင်)/၃ |
| (၄) ဦးစောချစ်သူ | နခတ (ဂုဏ်ထူးဆောင်)/၄ |

| | | |
|---|---|---|
| (၅) | ဦးကိုကိုဝင်း | နခတ (ဂုဏ်ထူးဆောင်)/၅ |
| (၆) | ဦးစောကျော်ထူး | နခတ (ဂုဏ်ထူးဆောင်)/၆ |
| (၇) | ဦးစောကြာအင်း | နခတ (ဂုဏ်ထူးဆောင်)/၇ |
| (၈) | ဦးစောကျော်မြင့် | နခတ (ဂုဏ်ထူးဆောင်)/၈ |
| (၉) | ဦးစောဒေါ်ဒေါ | နခတ (ဂုဏ်ထူးဆောင်)/၉ |
| (၁၀) | ဦးစောအောင်ချစ် | နခတ (ဂုဏ်ထူးဆောင်)/၁၀ |
| (၁၁) | ဦးစောကြည်လင် | နခတ (ဂုဏ်ထူးဆောင်)/၁၁ |
| (၁၂) | ဦးမန်းကြာအေး | နခတ (ဂုဏ်ထူးဆောင်)/၁၂ |
| (၁၃) | ဦးမန်းစောရွှေ | နခတ (ဂုဏ်ထူးဆောင်)/၁၃ |
| (၁၄) | ဦးစောထက်ဝင်း | နခတ (ဂုဏ်ထူးဆောင်)/၁၄ |
| (၁၅) | ဦးစောထွန်းအောင် | နခတ (ဂုဏ်ထူးဆောင်)/၁၅ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက် )

အမှတ် ၆၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | တင်ရွှေ | ကြည်း ၆၇၄၄၀ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက် )

အမှတ် ၆၈/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | တင်ဝင်း | ကြည်း ၆၇၄၄၁ | (၁-၅-၂၀၁၄) |
| (၂) | အောင်မြင့် | ကြည်း ၆၇၄၄၂ | (၅-၅-၂၀၁၄) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက် )

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်မည့် ၂၀၁၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန/ဌာနခွဲ |
|---|---|---|
| ၁။ | ဦးသက်နိုင်ဝင်း | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၂။ | ဒေါ်ခင်မာဝင်း | ငွေစာရင်း |
| ၃။ | ဦးကျော်ဆွေဦး | ဝယ်ယူဖြန့်ဖြူးရေး |
| ၄။ | ဒေါ်အေးစိုးအောင် | ရသုံးမှန်းခြေ |
| ၅။ | ဒေါ်သင်းသင်းဝေ | ထောက်ပံ့၊ ဆက်သွယ်ရေးနှင့်မော်တော်ယာဉ် |
| ၆။ | ဒေါ်မာလာဝင်း | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၇။ | ဦးရဲထွန်း | ငွေစာရင်း |
| ၈။ | ဦးညွန့်ဝင်း | စစ်ဆေးရေး |

ထွေးလှ၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက် )

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ အောက်ဖော်ပြပါ ကျောင်းအုပ် (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်ပြီးဖြစ်၍ ယှဉ်တွဲပါရက်အတိုင်း အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး/ကျောင်း | အတည်ပြုခန့်အပ်သည့်ရက် |
|---|---|---|---|
| (က) | ဒေါ်စုမြတ်အေး | ကျောင်းအုပ်<br>အိမ်တွင်းမှုကျောင်း (ခရီး) | ၁-၆-၂၀၁၄ |
| (ခ) | ဒေါ်မိုးမိုးအောင် | ကျောင်းအုပ်<br>အိမ်တွင်းမှုကျောင်း (ဒွန်ဘန်) | ၁-၆-၂၀၁၄ |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## စွမ်းအင်စီမံရေးဦးစီးဌာန

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁ ။ ။ စွမ်းအင်စီမံရေးဦးစီးဌာန၊ ထုတ်လုပ်မှုစီမံရေးဌာနခွဲမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်း ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်အေး (၁၁၆၃) အား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှစ၍ လက်ရှိရာထူးတွင် အမြဲတမ်းခန့်ထားလိုက်သည်။

ဖေဇင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
စွမ်းအင်စီမံရေးဦးစီးဌာန။

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၁ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (၂) ဦးအား အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အင်ဂျင်နီယာမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးစိန်သန်းငွေ | မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ခ) | ဦးထွန်းသူအောင် | မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |

## စည်ပင်သာယာရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

အမှတ် ၂ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးနိုင်အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည်။

နေရှင်း၊
ဝန်ကြီး၊
စည်ပင်သာယာရေးဝန်ကြီးဌာန၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**သက်မဟာ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၈-၇-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၁၁-၈-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

SAN THIDAR KHIN
MANAGING DIRECTOR
THET MAHAR INTERNATIONAL CO., LTD.

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## လမင်းသခင်မ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (ဂ) အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၈-၇-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၁၁-၈-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ပြုံးပြုံးဟန်
Managing Director
Moon Princess Services Co., Ltd.

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## U Tun Tun Construction Co., Ltd.

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၁-၈-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် [အမှတ် (၁)၊ (၁၀) လမ်း၊ (၄) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးမြတ်လွင်မိုး
[B.Com (Q), C.P.A]
လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်)
တိုက် (၃၀)၊ အခန်း (၄-က)၊ ၄-ထပ်၊ မလ္လကုန်းလမ်းနှင့် ကျောက်ရေတွင်းလမ်းဒေါင့်၊
ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁၁-၇-၂၀၁၄။